# မြို့နယ်အဆင့် ဒေသန္တရအစိုးရ၏အခန်းကဏ္ဍ တာဝန် နှင့် လုပ်ငန်းဆောင်တာများ

- ❑ ပြည်သူ့ဝန်ဆောင်မှုများနှင့် အခြေခံ အဆောက်အဦးကောင်းများစီမံပေးမှု
- ❑ မြို့ပြစီမံကိန်းနှင့် မြေအသုံးချမှုအစီအစဉ်
- ❑ ပြည်သူ့ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှု
- ❑ ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု
- ❑ ပညာရေး၊ ယဉ်ကျေးမှု၊ အားကစားနှင့် အပန်းဖြေမှုအစီအစဉ်များ
- ❑ အခွန်ကောက်ခံခြင်းနှင့် ငွေကြေးစီမံခန့်ခွဲမှု
- ❑ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်မှု
- ❑ လူမှုရေးဝန်ဆောင်မှုများပေးမှု
- ❑ ဒေသန္တရအုပ်ချုပ်ရေးနှင့် ပြည်သူလူထု ပူးပေါင်းပါဝင်ရေးစီမံဆောင်ရွက်မှု

# ၁။ ပြည်သူ့ဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အဦးကောင်းများစီမံပေးမှု

- လမ်းများနှင့် သယ်ယူပို့ဆောင်ရေး- ဒေသဆိုင်ရာလမ်းများ၊ လူသွားစကြ်န်များနှင့် အများသူငှာသယ်ယူပို့ဆောင်ရေးစနစ် များကို ပြုပြင်ထိန်းသိမ်းခြင်း။
- ရေပေးဝေရေးနှင့် သန့်ရှင်းရေး- ရေဖြန့်ဖြူးမှု၊ အမှိုက်စွန့်ပစ်မှုနှင့် မိလ္လာစနစ်များကို စီမံခန့်ခွဲခြင်း။
- အများသူငှာအဆောက်အဦးများ - ရပ်ရွာစင်တာများ ၊ စာကြည့်တိုက်များ နှင့် အခြားအများပြည်သူဆိုင်ရာ အဆောက်အဦးများကို ပြုပြင်ထိန်းသိမ်းခြင်း

# ၂။ မြို့ပြစီမံကိန်းနှင့် မြေအသုံးချမှုအစီအစဉ်

- ဇုန်သတ်မှတ်ခြင်းနှင့် အဆောက်အအုံဆိုင်ရာ စည်းမျဉ်းများ- ဇုန်သတ်မှတ်ခြင်းဆိုင်ရာ ဥပဒေများကို ပြဋ္ဌာန်းခြင်း၊ အဆောက်အအုံခွင့်ပြုမိန့်ကိုအတည်ပြုခြင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများကို စည်းကမ်းသတ်မှတ်ထိန်းကျောင်းခြင်း။
- ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး- လူနေရပ်ကွက်၊ စီးပွားရေး (ဈေး နှင့်ကူးသန်းရောင်းဝယ်ရေးနေရာ) နှင့် စက်မှုလုပ်ငန်းဇရိယာများကို စနစ်တကျစီမံသတ်မှတ်ခြင်း။
- သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး- သဘာဝအရင်းအမြစ် များကို ကာကွယ်ထိန်းသိမ်းခြင်း၊ စိမ်းလန်းစိုပြေရေးအတွက် သစ်တော၊ မြက်ခင်းနေရာများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းခြင်းမှ ကာကွယ်ရန် အတွက် မြေအသုံးချမှုစီမံခန့်ခွဲခြင်း။

# ၃။ ပြည်သူ့ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှု

- ကျန်းမာရေးဝန်ဆောင်မှုများ- ဒေသန္တရဆေးခန်းများ၊ ကာကွယ်ဆေးထိုးခြင်းအစီအစဉ်များနှင့် ကျန်းမာရေးပညာ ပေးအစီအစဉ်များကို ပံ့ပိုးကူညီခြင်း။
- အမှိုက်စီမံခန့်ခွဲမှု- အိမ်သုံးနှင့် လုပ်ငန်းသုံး စွန့်ပစ်အမှိုက်များ ကို စနစ်တကျ စုဆောင်း စီမံခန့်ခွဲခြင်း။
- အရေးပေါ်ဝန်ဆောင်မှုများ- ရဲ၊ မီးသတ်နှင့် လူနာတင်ယာဉ် ဝန်ဆောင်မှုများကို ပံ့ပိုးပေးခြင်း သို့မဟုတ် ညှိနှိုင်းဆောင်ရွက်ခြင်း

# ၄။ ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု

- လုပ်ငန်းလိုင်စင်နှင့် စည်းမျဉ်းစည်းကမ်း- မြို့နယ်အတွင်း စီးပွားရေးလုပ်ငန်းများအတွက် လိုင်စင်ထုတ်ပေးခြင်း နှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုရှိစေရန်။
- ဈေးကွက်များ နှင့်ကုန်သွယ်မှု - ဒေသတွင်း ဈေးကွက်များ၊ ပွဲတော်များနှင့် ကုန်သွယ်မှု လုပ်ငန်းများကို စီမံခန့်ခွဲပံ့ပိုးကူညီခြင်း။
- ခရီးသွားလုပ်ငန်းမြှင့်တင်ရေး- ခရီးသွားလုပ်ငန်းဖြင့် ဒေသစီးပွားရေးကိုမြှင့်တင်ရန် ဒေသတွင်းဆွဲဆောင်မှုများနှင့် ပွဲများကို စီစဉ်ဆောင်ရွက်ပေးခြင်း

# ၅။ ပညာရေး၊ယဉ်ကျေးမှု၊ အားကစားနှင့်အပန်းဖြေမှု အစီအစဉ်များ

- ကျောင်းများ- ဒေသန္တရကျောင်းများကို ပံ့ပိုးပေးခြင်း၊ အချို့ကိစ္စရပ်များတွင် အထက်အဆင့် အစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။
- ရပ်ရွာလူမှုရေးမှုများ- ယဉ်ကျေးမှု၊ အားကစားနှင့် အပန်းဖြေမှု အစီအစဉ်များ စီစဉ်ဆောင်ရွက်ပေးခြင်း

# ၆။ အခွန်ကောက်ခံခြင်းနှင့် ငွေကြေးစီမံခန့်ခွဲမှု

- ပြည်တွင်းအခွန်နှင့် အခကြေးငွေများ- အိမ်ခြံမြေခွန်၊ လုပ်ငန်းခွန်များ သို့မဟုတ် ဝန်ဆောင်မှုအခကြေးငွေများ ကောက်ခံခြင်း။
- ဘတ်ဂျက်ခွဲဝေခြင်း- မြို့နယ်၏ ဒေသန္တရလုပ်ငန်းစီမံကိန်းများ ကို ဦးစားပေးအလိုက် လုပ်ဆောင်ရန် ရန်ပုံငွေများကို စီမံခန့်ခွဲခြင်း

# ၇။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်မှု

- အမှိုက်စီမံခန့်ခွဲမှု- စွန့်ပစ်ပစ္စည်းများကို စည်းစနစ်ကျစွာစွန့်ပစ်ခြင်း နှင့် ပြန်လည်အသုံးပြုခြင်း (recycling)ကို အားပေး မြှင့်တင်ခြင်း။
- ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်(Clean Energy) - ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်စီမံကိန်းများကို ဒေသအတွင်းဖြစ်နိုင်သရွေ့ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

# ၈။ လူမှုရေးဝန်ဆောင်မှုများပေးမှု

- အိမ်ရာအကူအညီ- အစိုးရအိမ်ရာများဆောက်လုပ်စီမံခန့်ခွဲ ပေးခြင်း သို့မဟုတ် တန်ဖိုးနည်း အိမ်ရာစီမံကိန်းများကို စီမံပံ့ပိုးပေးခြင်း။
- ပံ့ပိုးမှုအစီအစဉ်များ- သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ သို့မဟုတ် ဝင်ငွေနည်း မိသားစုများအတွက် လူမှုဖူလုံရေး ဝန်ဆောင်မှုများ ပေးဆောင်ခြင်း။

# ၉။ ဒေသန္တရအုပ်ချုပ်ရေးနှင့်ပြည်သူလူထုပူးပေါင်းပါဝင်ရေးစီမံဆောင်ရွက်မှု

- လူထုတွေ့ဆုံပွဲများ- မြို့နယ်ကောင်စီအစည်းအဝေးများနှင့် လူထုဆွေးနွေးပွဲ ဖိုရမ်များကိုကျင်းပခြင်း။
- တိုင်ကြားချက်ဖြေရှင်းခြင်း- ရပ်ရွာမှ မကျေနပ်ချက်များနှင့် အကြံပြုချက်များကို ဖြေရှင်းခြင်း

# ၁၀။ ယဉ်ကျေးမှုနှင့် အမွေအနှစ်များ ထိန်းသိမ်းခြင်း

- အမွေအနှစ်နေရာများ- သမိုင်းဝင် အထင်ကရနေရာများ သို့မဟုတ် အဆောက်အဦများကို ထိန်းသိမ်းကာကွယ်ခြင်း။
- ပွဲတော်များနှင့် ရိုးရာဓလေ့များ- ဒေသဆိုင်ရာပွဲတော်များနှင့် ယဉ်ကျေးမှုပွဲများကို ကျင်းပပေးခြင်း၊ ပံ့ပိုးပေးခြင်း

# မြို့နယ် အုပ်ချုပ်ရေးဆိုင်ရာ ဒေသန္တရစည်းမျဉ်းဥပဒေများ

- အများပြည်သူဘေးကင်းရေးစည်းမျဉ်းဥပဒေ
- ဇုန်သတ်မှတ်ခြင်းနှင့် မြေအသုံးချမှု စည်းမျဉ်းဥပဒေ
- ပြည်သူ့ကျန်းမာရေးနှင့် သန့်ရှင်းသာယာရေး စည်းမျဉ်းဥပဒေ
- ဒေသန္တရစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး စည်းမျဉ်းဥပဒေ
- သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်း အမြစ်စီမံခန့်ခွဲမှုစည်းမျဉ်းဥပဒေ
- ရပ်ရွာပြည်သူဝန်ဆောင်မှုများနှင့် အပန်းဖြေခြင်းဆိုင်ရာစည်းမျဉ်းဥပဒေ
- အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းဥပဒေ
- လူမှုဝန်ထမ်းနှင့် ပြည်သူ့ကူညီ စောင့်ရှောက်ရေးစည်းမျဉ်းဥပဒေ

# ၁။ အများပြည်သူဘေးကင်းရေးစည်းမျဉ်းဥပဒေများ

- ယာဉ်အသွားအလာနှင့် လမ်းအသုံးပြုမှု စည်းမျဉ်းများ- ယာဉ်အမြန်နှုန်းကန့်သတ်ချက်များ၊ ယာဉ်ရပ်နားခြင်းများ၊ အများသူငှာလမ်းအသုံးပြုမှုနှင့် လူနေရပ်ကွက်များရှိ ယာဉ် ကြီးများအား ကန့်သတ်ချက်များ ပါဝင်ပါသည်။
- ဆူညံသံထိန်းချုပ်မှုစည်းမျဉ်းများ - ဆူညံသံ အနှောင့်အယှက်များကို ကာကွယ်ရန် သတ်မှတ်ထားသော နာရီများအတွင်း အလွန်အကျွံ ဆူညံသံများကို ကန့်သတ်ခြင်း။
- မီးဘေးလုံခြုံရေး စည်းမျဉ်းများ- မီးဘေးကာကွယ်ရေး အတွက် အကာအကွယ်မဲ့မီးရှို့မှုကန့်သတ်ချက်များ၊ အများသူ နေရာများတွင် မီးဘေးကာကွယ်ရေး အစီအမံများကို ထား ရှိခြင်း။
- တိရစ္ဆာန်ထိန်းချုပ်ရေးစည်းမျဉ်းများ- အိမ်မွေးတိရစ္ဆာန် ပိုင်ဆိုင်မှု၊ ကြိုးတပ်ထိန်းကျောင်းခြင်း၊ အန္တရာယ်ရှိသော တိရစ္ဆာန်များနှင့် မွေးမြူရေးလုပ်ငန်းဆိုင်ရာစည်းမျဉ်းများ

## ၂။ ဇုန်သတ်မှတ်ခြင်းနှင့် မြေအသုံးချမှုစည်းမျဉ်းဥပဒေများ

- ဇုန်သတ်မှတ်ခြင်းစည်းမျဉ်းများ- လူနေအိမ်၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်းနှင့် အမြဲစိမ်းလန်း သစ်တောဇုံ (သို့မဟုတ်) ဘေးမဲ့ဇုံ အပါအဝင် မြေယာအသုံးပြုမှုနေရာများ ကို သတ်မှတ်ခြင်း။
- အဆောက်အအုံဆိုင်ရာ စည်းမျဉ်း စည်းကမ်းများ - အဆောက်အအုံဆောက်လုပ်ခြင်း၊ ပြုပြင် ပြောင်းလဲခြင်းနှင့် အဆောက်အဦးများကို ဖြိုဖျက်ခြင်း အတွက် စံနှုန်းများ သတ်မှတ်ခြင်း။
- သဘာဝပတ်ဝန်းကျင် ကာကွယ်ရေး စည်းမျဉ်းများ- သဘာဝတောတောင် ဇရိယာများ၊ ရေဝပ်သော အင်းအိုင်မြေများနှင့် စိမ်းလန်းသော သစ်တော ၊ မြက်ခင်းနေရာများ ကို ကာကွယ်ခြင်း၊ သစ်ပင် ထိန်းသိမ်းခြင်းနှင့် မြေဆီလွှာတိုက်စား ခြင်းကို ကာကွယ်ခြင်း

# ၃။ ပြည်သူ့ကျန်းမာရေးနှင့် သန့်ရှင်းသာယာရေး စည်းမျဉ်းဥပဒေများ

- အမှိုက်စီမံခန့်ခွဲမှုစည်းမျဉ်းများ- အမှိုက်စုဆောင်းခြင်း၊ ပြန်လည်အသုံးပြုခြင်း(recycling)နှင့် မြေဆွေးများကိုစီမံ အသုံးပြုခြင်း။
- သန့်ရှင်းရေးစည်းမျဉ်းများ- အိမ်သာများတည်ဆောက်ခြင်း နှင့် ပြုပြင်ထိန်းသိမ်းခြင်း၊ ရေနုတ်မြောင်းစနစ်များဖေါ်ဆောင် ခြင်းနှင့် ရေသန့်ရရှိရေးတို့ကို စီမံဖြေရှင်းခြင်း။
- ပိုးမွှားထိန်းချုပ်ရေးစည်းမျဉ်းများ- အင်းဆက်ပိုးမွှားများ၊ ကြွက်များ သို့မဟုတ် အခြားတိရစ္ဆာန်များမှ ပိုးမွှားများဝင်ရောက် ကူးစက်မှုကို ထိန်းချုပ်ရန် အစီအမံများ လုပ်ဆောင်ခြင်း

# ၄။ ဒေသန္တရစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးစည်းမျဉ်းဥပဒေများ

- လုပ်ငန်းလိုင်စင်စည်းမျဉ်းများ- လုပ်ငန်းများကို မြို့နယ်အတွင်း လုပ်ကိုင်ခွင့် ပါမစ်များရယူရန် လိုအပ်ခြင်း။

- ဈေးကွက်စည်းမျဉ်း စည်းကမ်းများ- ဒေသန္တရဈေးများ၊ ဈေးရောင်းပွဲများ နှင့် လမ်းဘေးဈေးသည်များကို စနစ်တကျ ကူးသန်းရောင်းဝယ်မှုဖြစ်စေရန် စီမံခန့်ခွဲခြင်း။

- ဆိုင်းဘုတ်နှင့် ကြော်ငြာဥပဒေများ- ဆိုင်းဘုတ်များနှင့် လုပ်ငန်းဆိုင်ရာ ကြော်ငြာများ ၏ နေရာချထားမှုနှင့် အရွယ်အစားတို့ကို သတ်မှတ်ထိန်းချုပ်ခြင်း

## ၅။ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှု စည်းမျဉ်းဥပဒေများ

- ရေထိန်းသိမ်းခြင်းဆိုင်ရာ ဥပဒေများ- ရေအသုံးပြုမှုကို သတ်မှတ်စီမံပေးခြင်း နှင့် ရေရှည်တည်တံ့သော ရေ အရင်းအမြစ်ရရှိရေးအတွက် အလေ့အကျင့်များကိုစီမံ သတ်မှတ်ပေးခြင်း။
- ပတ်ဝန်းကျင်ညစ်ညမ်းမှု ထိန်းချုပ်ရေးဥပဒေ- မြို့နယ်အတွင်း လေထု၊ ရေနှင့်ဆူညံသံ ညစ်ညမ်းမှုများကို ကိုင်တွယ် ဖြေရှင်းခြင်း။
- သစ်ပင်ထိန်းသိမ်းခြင်းဥပဒေ- သစ်ပင်စိုက်ပျိုးခြင်း၊ သစ်ပင်များကို ထိန်းသိမ်းခြင်း၊ အန္တရာယ်ဖြစ်စေနိုင်သောသစ်ပင်၊ သစ်ကိုင်းများကိုဖယ်ရှားခြင်း

## ၆။ ရုပ်ရှင်ပြည်သူ့ဝန်ဆောင်မှုများနှင့် အပန်းဖြေခြင်းဆိုင်ရာ စည်းမျဉ်းဥပဒေများ

- ပန်းခြံနှင့် ကစားကွင်း စည်းမျဉ်းများ- အများသူငှာ ပန်းခြံများ၊ ကစားကွင်းများနှင့် အပန်းဖြေစရာ အဆောက်အဦများ အသုံးပြုမှုဆိုင်ရာစည်းမျဉ်းများ။
- သုသာန်စည်းကမ်းများ- မြို့နယ်အတွင်း သုသာန်များ အသုံးပြုခြင်းနှင့် ထိန်းသိမ်းခြင်းတို့ကို စီမံခန့်ခွဲခြင်း။
- ပွဲခွင့်ပြုခြင်းဆိုင်ရာ စည်းမျဉ်းများ- အများသူငှာ စုဝေးပွဲများ၊ ပွဲတော်များ သို့မဟုတ် အခြားပွဲများကျင်းပခြင်းဆိုင်ရာ စည်းမျဉ်းများ

# ၇။ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်းဥပဒေများ

- မြို့နယ်ကောင်စီအစည်းအဝေး စည်းမျဉ်းစည်းကမ်းများ- ကောင်စီအစည်းအဝေးများအတွက် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ခြင်း၊ လူထုပါဝင်မှု နှင့် ဆုံးဖြတ်ချက်ချခြင်း။
- ငွေကြေးစီမံခန့်ခွဲမှု စည်းမျဉ်းများ- မြို့နယ်တွင်းအခွန်များ၊ အခကြေးငွေများနှင့် အခြားရငွေများ ကောက်ခံမှုကို သတ်မှတ်ခြင်း။
- ရွေးကောက်ပွဲ စည်းမျဉ်းများ- ဒေသန္တရရွေးကောက်ပွဲနှင့် လူထုဆန္ဒခံယူပွဲအတွက် လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်း။

# ၈။ လူမှုဝန်ထမ်းနှင့် ပြည်သူ့ကူညီစောင့်ရှောက်ရေး စည်းမျဉ်းဥပဒေများ

ဤဥပဒေများသည် မြို့နယ်အတွင်း ထိခိုက်လွယ်သူများ၏ လူမှုဖူလုံရေး လိုအပ်ချက်များကို ဖြေရှင်းပေးသည်။

- ❑ အိမ်ရာဥပဒေများ- တန်ဖိုးနည်းအိမ်ရာများကို စီမံပေးခြင်းနှင့် အိမ်ရာငှားရမ်းခြင်း ဆိုင်ရာ စည်းမျဉ်းများကို သတ်မှတ်ပေးခြင်း။
- ❑ လူမှုကူညီရေးဥပဒေများ- သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ သို့မဟုတ် ဝင်ငွေနည်းသော နေထိုင်သူများအတွက် ပံ့ပိုးပေးခြင်း

## မြို့နယ် အုပ်ချုပ်ရေးဒေသန္တရစည်းမျဉ်းဥပဒေ များ ရေးဆွဲပြဋ္ဌာန်းခြင်းလုပ်ငန်းစဉ်များ

1. စည်းမျဉ်းဥပဒေ လိုအပ်ချက်များကို ဖော်ထုတ်ခြင်း
2. ဒေသန္တရစည်းမျဉ်းဥပဒေမူကြမ်းရေးဆွဲခြင်း
3. အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း
4. ပြန်လည်သုံးသပ်ခြင်းနှင့် ပြန်လည်ပြင်ဆင်ခြင်း
5. မြို့နယ်ကောင်စီအဖွဲ့၏သဘောတူညီချက်ရယူခြင်း
6. လိုအပ်ပါကအတည်ပြုချက်အတွက် ပြည်နယ်ကို တင်ပြခြင်း
7. စည်းမျည်းဥပဒေ တရားဝင်ပြဋ္ဌာန်းခြင်း
8. အကောင်အထည်ဖော်ခြင်း
9. စောင့်ကြည့်အကဲဖြတ်ခြင်း

*Source*
*RESEARCH, INSIGHTS, AND IDEAS*
*The Knowledge Series*

# ဒေသန္တရ စည်းမျဉ်း ဥပဒေများ ကို ရေးဆွဲပြီး ပြဋ္ဌာန်းခြင်း နှ င့် အကောင်အထည်ဖော်ခြင်းများ၏အဓိကအခြေခံမှုများ

1. ပွင့်လင်းမြင်သာမှု- လုပ်ငန်းစဉ်သည် ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်ပြီး အဆင့်တိုင်းတွင် အများပြည်သူကို အသိပေးရန် လိုအပ်ပါသည်။

2. ဒေသနေပြည်သူလူထု၏ အကြံပြုချက် နှင့် လိုအပ်ချက်များ ပါဝင်မှု- ဒေသနေပြည်သူလူထု၏ အကြံပြုချက်နှင့် လိုအပ်ချက်များပါဝင်မှုသည် အရေးကြီးပါသည်။ ဒေသန္တရ စည်းမျဉ်းဥပဒေများသည် ဒေသလိုအပ်ချက်ကို ထင်ဟပ်စေရပါမည်။ ဒေသ၏အကျိုးစီးပွားအတွက်ဖြစ်စေရပါမည်။

3. ဥပဒေကြောင်းအရညီညွတ်ခြင်း- ဒေသန္တရစည်းမျဉ်း ဥပဒေများသည် အထက်မြင့်ဥပဒေများဖြစ်သော ပြည်နယ်/ တိုင်းဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် ကိုက်ညီရပါမည်။

4. တာဝန်ခံမှု- မြို့နယ်တာဝန်ရှိသူများသည် ထုတ်ပြန်ထားသော စည်းမျဉ်းဥပဒေများအားလိုက်နာကျင့်သုံးမှုရှိစေရန် နှင့် ဥပဒေ၏ ရည်ရွယ်ချက်ထိရောက်မှုအောင်မြင်မှုရှိရေး အတွက်တာဝန်ခံရပါသည်။

**Source: RESEARCH, INSIGHTS AND IDEAS – “The Knowledge Series”**